

# ဘေးကင်းတဲ့အွန်လိုင်းအသုံးပြုမှု (အဆင့် ၁)

အွန်လိုင်းပေါ်ကနေ သူငယ်ချင်းတွေ၊ မိသားစုဝင်တွေနဲ့ စကားပြောရတာပျော်စရာကောင်းပါတယ်။ ဒါပေမဲ့ သင်မသိတဲ့ လူတွေနဲ့ အွန်လိုင်းပေါ်ကနေစကားပြောတာ၊ share တာတွေကတော့ ဆုံးရှုံးထိခိုက်နိုင်ခြေရှိပါတယ်။

လေ့ကျင့်ခန်း ၁ ။ အောက်ပါ မက်ဆေ့ချ် တွေက ဘေးကင်းတယ် ဒါမှမဟုတ် ထိခိုက်နိုင်တယ် ရွေးပေးပါ။

| | ဘေးကင်းတယ် | ထိခိုက်နိုင်တယ် |
|---|---|---|
| Hi! နင်ငါ့ကို မသိပါဘူး။ ဒါပေမယ့် ခင်ကြရအောင်။ chat ရအောင်။ | ☐ | ☐ |
| နင့်ဓါတ်ပုံလေးလှတယ်နော်။ ခင်ချင်လို့ add ပေး။ | ☐ | ☐ |
| မနက်ဖြန် နင့်အားကစားအိတ်ကို ယူသွားဖို့မမေ့နဲ့နော်။<br>ချစ်တဲ့ မေမေ | ☐ | ☐ |
| ဒီနေ့ ဆရာမ ကအိမ်စာဘာပေးလိုက်လဲသိလား။ ငါအတန်းပျက်သွားလို့။ | ☐ | ☐ |
| ဟေ့ ညီမရေ၊ ဒီည ညီမရဲ့အကျ□အစိမ်းရောင်လေး ငှားလို့ရလား။<br>ကျေးဇူးပါ။ | ☐ | ☐ |
| ဟိတ် ဘယ်မှာနေတာလဲ။ ခင်ကြရအောင်။ | ☐ | ☐ |
| နင့်ပုံလေးသဘောကျလို့၊ addပေးနော်။ တို့ပုံလဲပြန်ပို့ပေးမယ်လေ။ | ☐ | ☐ |
| တို့ဓါတ်ပုံပို့ပေးရမလား။ chat မှာ add ပေးလေ။ | ☐ | ☐ |
| ညစာကိုဘယ်တော့လာစားမှာလဲ။ ချစ်တဲ့ အန်တီ | ☐ | ☐ |
| မနက်ဖြန်ည ရုပ်ရှင်ကြည့်မယ်ပြောထားတာ ကြည့်ဖြစ်မယ် မဟုတ်လားဟင်။<br>အဲဒီမှာ တွေ့ကြမယ်လေ။ | ☐ | ☐ |
| ချစ်စရာလေးနော်။ chat ကနေ ပုံပို့ပေးပါလား။ | ☐ | ☐ |

လေ့ကျင့်ခန်း ၂ ။ မက်ဆေ့ချ်တွေက ဘေးကင်းတယ် ဒါမှမဟုတ် ထိခိုက်နိုင်တယ် ဆိုတာသိနိုင်မယ့်နည်းလမ်း (၃) ခုကိုရေးပါ။

၁) ..........................................................................................................

၂) ..........................................................................................................

၃) ..........................................................................................................



# ဘေးကင်းတဲ့အွန်လိုင်းအသုံးပြုမှု (အဆင့် ၁)

လေ့ကျင့်ခန်း ၃ ။ ဆွေးနွေးပါ။ တခြားသူတွေကို သင်ရှာထားတဲ့ နည်းလမ်းတွေ ပြပြီး သူတို့နည်းလမ်းတွေနဲ့ နှိုင်းယှဉ်ကြည့်ပါ။ မက်ဆေ့ချ်တွေက ဘေးကင်းလား/ ထိခိုက်နိုင်လားဆိုတာ ဘယ်လို သိနိုင်ပါသလဲ။

# ဘေးကင်းတဲ့အွန်လိုင်းအသုံးပြုမှု (အဆင့် ၂)

အွန်လိုင်းလောကက လှုပ်ရှားဖြစ်ပျက်တာတွေများလွန်းပါတယ်။ အွန်လိုင်းပေါ်မှာ သင်တွေ့မြင်တဲ့အရာတိုင်း၊ ကြားသမျှ အရာတိုင်းက အမှန်မဖြစ်နိုင်ပါဘူး။ သတင်းအချက်အလက်တွေက အမှန်တွေလား၊ ယုံကြည်စိတ်ချလို့ ရလားဆိုတာ အဖြေရှာတတ်ဖို့လိုပါတယ်။

လေ့ကျင့်ခန်း ၁ ။ ယုံကြည်စိတ်ချလို့မရတဲ့ ဝက်ဘ်ဆိုက်တွေရဲ့လက္ခဏာတွေပါဝင်တဲ့ အဆိုအားလုံးကို ဝိုင်းပြပါ။

ရေးသားသူ/အဖွဲ့အစည်းက လူသိများပြီး နာမည်ကောင်း ရှိတယ်လို့ ယူဆလို့ရပါတယ်။

အရည်အသွေးမြင့်မားတဲ့ ပုံတွေကိုသာ အသုံးပြုတယ်။

ပုံတွေက အလွန်အမင်း ပြုပြင်ထားပြီး လက်တွေ့မကျဘူး။

ရေးသားသူရဲ့အမြင်က အစွန်းရောက်ပြီး ခိုင်လုံတဲ့ သက်သေသာဓကတွေနဲ့ ပံ့ပိုးပေးထားခြင်း မရှိဘူး။

URL က ရင်းနှီးပြီးသားဖြစ်သလို ထူးဆန်းတာ မတွေ့ရဘူး။

ကျမ်းကိုးစာရင်းတွေမှာ ယုံကြည်ရတဲ့ သိပ္ပံနည်းကျ သက်သေ အထောက်အထား ပါဝင်တယ်။

ဒီ ဝက်ဘ်ဆိုက်ကို ဆရာတစ်ယောက်က ညွှန်းတယ်။

URL (သို့) ဝက်ဘ်လိပ်စာက ပုံမှန်မဟုတ်ဘူး။

Popup ကြော်ငြာက သင်ဆုရတယ်လို့ ပြောတယ်။

ရေးသားသူကိုမသိရဘူး။

Popup ကြော်ငြာတွေ မရှိဘူး။

Popup ကြော်ငြာတွေက သင့်ရဲ့ ကိုယ်ရေးအချက်အလက် တွေကို တောင်းတယ်။

လေ့ကျင့်ခန်း ၂ ။ သင့်ကိုယ်ပိုင် သတင်းအတု တစ်ပုဒ် နဲ့ သတင်းအစစ် တစ်ပုဒ် ရေးကြည့်ပါ။ **URL,** ခေါင်းကြီးပိုင်း၊ အကျဉ်းချုပ်ရှင်းပြချက် နှင့် ပုံတွေ ပါဝင်ရပါမယ်။

လေ့ကျင့်ခန်း ၃ ။ ယုံကြည်စိတ်ချရတဲ့ ဝက်ဘ်ဆိုက်နဲ့ မယုံကြည်ရတဲ့ ဝက်ဘ်ဆိုက်ကို ဘယ်လိုခွဲခြားသိနိုင်မလဲကို ရှင်းပြပါ။ လေ့ကျင့်ခန်း ၂ မှာ သင်ဖန်တီးထားတဲ့ ဥပမာ (၂)ခုကိုအသုံးပြုပြီး ခြားနားချက်တွေကို ရှင်းပြပါ။

........................................................................................................................

........................................................................................................................

........................................................................................................................



# ဘေးကင်းတဲ့အွန်လိုင်းအသုံးပြုမှု (အဆင့် ၃)

တချို့ဝက်ဘ်ဆိုက်တွေက သင်ရဲ့ကိုယ်ရေးအချက်အလက်တွေပေးလာအောင် ကြိုးစားမယ် ဒါမှမဟုတ် ယုံကြည်စိတ်ချလို့မရတဲ့ သတင်းအချက်အလက်တွေ ပါဝင်နေလိမ့်မယ်။ အွန်လိုင်းပေါ်မှာ ဘယ်လိုအရာတွေက သင့်ကို ဆုံးရှုံးထိခိုက်စေနိုင်လဲဆိုတာ သိထားရင် အွန်လိုင်းသုံးရတာ ဘေးကင်းလုံခြုံပြီး ပျော်စရာကောင်းပါတယ်။

လေ့ကျင့်ခန်း ၁။ အောက်ဖော်ပြပါ အဆိုတွေက ဘယ်သတ်မှတ်ချက်မှာ ပါဝင်လဲဆိုတာ ဆုံးဖြတ်ပေးပါ။

| | ကိုယ်ရေးအချက်အလက်လိမ်လည်ယူခြင်း | သတင်းအတု | ထိခိုက်စေနိုင်တဲ့ဆက်သွယ်မှု | ဘေးကင်းတဲ့ဆက်သွယ်မှု |
|---|---|---|---|---|
| ဟိတ်...နာမည် ဘယ်လိုခေါ်လဲ။ တို့ကို add ပေးလေ။ | | | | |
| နိုင်ပြီ...ဒီနေရာကိုနှိပ်ပြီး သင်ရထားတဲ့ဆုထုတ်ယူဖို့သင့်အီးမေးလ်လိပ်စာနဲ့ လျှို့ဝှက်စကားလုံးထည့်ပေးပါ။ | | | | |
| ဟယ်လို...ရုပ်ရှင်ကြည့်ရတာ ပျော်စရာပဲနော်။ မကြာခင် ထပ်ဆုံကြရအောင်။ ဂရုစိုက်ပါနော်။ | | | | |
| ကောင်းလိုက်တဲ့ဓါတ်ပုံ။ ခင်ချင်လို့ပါ။ add ပေးလေနော်။ | | | | |
| ဟေး...ငါပါ။ အားကစားနေ့ကျရင် နင့်အားကစားဖိနပ်ကိုငှားလို့ရလား။ ကျေးဇူးပါ။ | | | | |
| သင်စမတ်ဖုန်းအသစ် ရပါပြီ။ သင့်အချက်အလက်တွေဖြည့်ဖို့ အချိန် ၆၀ စက္ကန့် ရပါမယ်။ | | | | |
| ဟေး... နင်ဘယ်ကလဲ။ အသက်ဘယ်လောက်ရှိပြီလဲ။ စကားပြောရအောင်။ | | | | |

# ဘေးကင်းတဲ့အွန်လိုင်းအသုံးပြုမှု (အဆင့် ၃)

| | | | | |
|---|---|---|---|---|
| ဂုဏ်ယူပါတယ်...သင် ဒေါ်လာတစ်သန်း ဆုရပါတယ်။ သင့်ဆုကို အခုပဲ မြန်မြန်လေး ထုတ်ယူလိုက်ပါ။ | | | | |
| ဧရာမဖျံတွေက စပိန်စကားပြောနိုင်ပါတယ်လို့ သိပ္ပံပညာရှင်တွေရဲ့ လေ့လာချက်တစ်ခုက ဆိုပါတယ်။ | | | | |
| ဘယ်ကျောင်းတက်နေတာလဲ။ ခင်ကြမလား။ | | | | |
| တစ်နေ့ဟမ်ဘာကာ ၅ ခုစားတာက သင့်ကျန်းမာရေးအတွက် ကောင်းတယ်လို့ ဟမ်ဘာကာ အသင်းကပြောပါတယ်။ | | | | |
| အကြွေး ဒေါ်လာ၁၀၀ သင်ရစရာရှိတာ သိပါသလား။ မြန်ဆန်လွယ်ကူစွာ ပြန်ယူနိုင်ပါတယ်။ ဒီနေရာကိုနှိပ်လိုက်ပါ။ | | | | |
| နင့်ဆီမှာ ငါ့သိပ္ပံဖတ်စာအုပ်ရှိနေလား။ အတန်းထဲမှာတုန်းက မတော်တဆ ယူသွားမိသေးလား။ | | | | |

လေ့ကျင့်ခန်း ၂။ အောက်ပါတို့ကို သင့်ကိုယ်ပိုင်စကားလုံးတွေသုံးပြီး အဓိပ္ပါယ်ဖွင့်ဆိုချက် ရေးကြည့်ပါ။

၁။ A phishing scam (ကိုယ်ရေးအချက်အလက် လိမ်လည်လှည့်ဖြား ယူခြင်း)

.........................................................................................................

၂။ Fake news (သတင်းအတု)

.........................................................................................................

လေ့ကျင့်ခန်း ၃။ ဆွေးနွေးပါ။ ကိုယ်ရေးအချက်အလက် လိမ်လည်လှည့်ဖြားယူခြင်း (**Phishing**) နဲ့ သတင်းအတု (**Fake news**) တို့ ခြားနားချက်က ဘာလဲ။



# အပြုသဘောဆောင်တဲ့ ဒစ်ဂျစ်တယ်နည်းပညာသုံးစွဲသူ (အဆင့် ၁)

အွန်လိုင်းလောကမှာ ရှိတဲ့လူတိုင်းဟာ သူတစ်ပါးအပေါ် ညှာတာထောက်ထားပြီး ပြောဆိုလုပ်ကိုင်တာ မဟုတ်ပါဘူး။ တချို့ကတော့ တမင်တကာ ညှာတာထောက်ထားမှုမရှိ ကြပါဘူး။ အွန်လိုင်းပေါ်မှာ စကရင် မျက်နှာပြင်နောက်မှာ ပုန်းကွယ်နေနိုင်တဲ့အတွက် သူတို့အတွက်လွယ်ကူစွာလုပ်နိုင်ပါတယ်။

လေ့ကျင့်ခန်း ၁။ အောက်ဖော်ပြပါ မက်ဆေ့ချ်တွေက ညှာတာထောက်ထားရာ ရောက်တယ်၊ မရောက်ဘူး ဆိုတာ ခွဲခြားပေးပါ။

| | ထောက်ထားရာရောက် | ထောက်ထားရာမရောက် |
|---|---|---|
| ကောင်းလိုက်တဲ့ပုံလေး | ☐ | ☐ |
| နင့်ကြည့်ရတာ ဆိုးလိုက်တာ | ☐ | ☐ |
| နင်က ပျင်းစရာကောင်းတဲ့လူလို့ ထင်တယ်။ | ☐ | ☐ |
| ငတုံး | ☐ | ☐ |
| မကြာခင်ကောင်းသွားမယ်လို့ မျှော်လင့်ပါတယ်။ | ☐ | ☐ |
| နင်က ငါ့ရဲ့အခင်ဆုံးသူငယ်ချင်းပါ။ | ☐ | ☐ |
| I HATE YOU!! YOU’RE SO ANNOYING! | ☐ | ☐ |
| ဒီမှာ မျောက်ပုံဟေ့ ဘာလို့ဆို နင်ကမျောက်တွေကြိုက်မှန်း ငါသိတယ်လေ။ | ☐ | ☐ |
| နင့်ကို အားပေးချင်လို့ ငါပန်းချီဆွဲထားတာပါ။ | ☐ | ☐ |
| ငါ့နဲ့ ဝေးဝေးနေပါ။ ငါနင့်ကိုမကြိုက်ဘူး | ☐ | ☐ |
| ဟယ် လှလိုက်တာ။ နင်ဓါတ်ပုံတွေက အရမ်းပညာရှင်ဆန်တာပဲ။ | ☐ | ☐ |
| ဘယ်သူမှ နင့်နဲ့ သူငယ်ချင်းမဖြစ်ချင်ဘူး။ သဘောပေါက်လား။ | ☐ | ☐ |
| နင်က အတော်တုံးတာပဲ။ | ☐ | ☐ |
| နင်အကောင်းဆုံး လို့ ငါထင်ပါတယ်။ | ☐ | ☐ |
| ဟားဟားဟား...ဒီဓါတ်ပုံထဲ နင်ကြည့်ရဘယ်လောက်ဆိုးလဲဆိုတာ မယုံနိုင်အောင်ပဲ။ | ☐ | ☐ |

be smart
use heart



# အပြုသဘောဆောင်တဲ့ ဒစ်ဂျစ်တယ်နည်းပညာသုံးစွဲသူ (အဆင့် ၁)

လေ့ကျင့်ခန်း ၂။ အွန်လိုင်းပေါ်မှာ ပို့လို့ရတဲ့ ညှာတာထောက်ထားမှုရှိတဲ့ မက်ဆေ့ချ် ဥပမာ (၃)ခုကိုရေးပါ။

၁) ..............................................................................................................

၂) ..............................................................................................................

၃) ..............................................................................................................

လေ့ကျင့်ခန်း ၃။ ဆွေးနွေးပါ။ အွန်လိုင်းပေါ်မှာ ညှာတာထောက်ထား ဖို့ အရေးကြီးတယ်လို့ ဘာလို့ထင်ပါသလဲ။

be smart
use heart

# အပြုသဘောဆောင်တဲ့ ဒစ်ဂျစ်တယ်နည်းပညာ သုံးစွဲသူ (အဆင့် ၂)

တစ်ခါတလေ လူတွေက အွန်လိုင်းပေါ်မှာ ညှာတာထောက်ထားခြင်းကင်းတဲ့  အပြုအမူတွေ လုပ်မိတာ သတိမထားမိကြပါဘူး။ လူတစ်ယောက်ရဲ့နှုတ်ထွက်စကားကို သင့်အနေနဲ့ မမြင်နိုင် မကြားနိုင်တဲ့အတွက်ကြောင့် မျက်နှာချင်းဆိုင် စကားပြောတာမဟုတ်တဲ့အခါ အလွယ်တကူ နားလည်မှု လွဲနိုင်ပါတယ်။

လေ့ကျင့်ခန်း ၁။ အောက်ဖော်ပြပါ မက်ဆေ့ချ် တွေက အဓိပ္ပါယ်မရှင်းပါဘူး။ ဖတ်တဲ့လူက ညှာတာထောက်ထားတဲ့ အဓိပ္ပါယ်ဆိုလိုတယ်ဆိုတာ သေချာအောင် မက်ဆေ့ချ်ကို ပြန်ပြောင်းရေးကြည့်ပါ။

| | | |
|---|---|---|
| ဆံပင်ပုံစံအသစ်နဲ့ နင့်ကိုကြည့်ရတာ တမျိုးပဲ။ | → | ဆံပင်ပုံစံအသစ်နဲ့ နင့်ကိုကြည့်ရတာ ထူးခြားနေတယ်။ အဲဒီ ပုံလေးကြိုက်တယ်။ |
| ဒီဓါတ်ပုံထဲမှာ နင့်ခွေးကိုကြည့်ရတာ အရင်ကနဲ့မတူဘူး | → | |
| ဒါက ကိုရို့ကားယားနိုင်တဲ့ပုံပဲ။ | → | |
| တကယ်ပဲနင်လား။ နင့်နဲ့လဲ မတူသလိုပဲ။ | → | |
| နင့်မွေးနေ့ ညစာစားပွဲကို ငါလာနိုင်မယ်မထင်ဘူး။ | → | |
| ဒီအဝတ်အစားမျိုး ရဲရဲဝံ့ဝံ့ရွေးထားတာပဲ။ | → | |
| အပေါ်ထပ်အကျ□အရောင် တောက်တောက်ပါလား | → | |
| အေး... ပြီးရော။ | → | |
| ထင်တာပဲလေ။ | → | |
| နင်အဲဒီအရောင်ကြီး ဘယ်တော့မှမဝတ်ပါဘူး။ | → | |
| အမ်...နင်အဲဒီပုံရိုက်ထားလား။ | → | |



# အပြုသဘောဆောင်တဲ့ ဒစ်ဂျစ်တယ်နည်းပညာ သုံးစွဲသူ (အဆင့် ၂)

လေ့ကျင့်ခန်း ၂ ။ ဆွေးနွေးပါ။ မက်ဆေ့ချ်ကို သင်ဘယ်လိုပြောင်းလိုက်လဲဆိုတာရှင်းပြပါ။ ညှာတာထောက်ထားတဲ့ မက်ဆေ့ချ် အဖြစ်ပြောင်းလဲ လိုက်တဲ့အပေါ်ဘယ်လိုထင်ပါသလဲ။

# အပြုသဘောဆောင်တဲ့ ဒစ်ဂျစ်တယ်နည်းပညာ သုံးစွဲသူ (အဆင့် ၃)

လေ့ကျင့်ခန်း ၁။ အောက်ဖော်ပြပါစကားလုံးများရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်ကိုရေးပါ။ အကူအညီအဖြစ် စာကြည့်တိုက်ကို အသုံးပြုနိုင်ပါတယ်။

၁။ Cyberbullying: အွန်လိုင်းပေါ်မှာအနိုင်ကျင့်ဗိုလ်ကျခြင်း

..........................................................................................................

၂။ Trolling: ထရိုး (troll) ခေါ်ရန်စခြင်း

..........................................................................................................

လေ့ကျင့်ခန်း ၂။ အောက်ပါ အပျက်သဘောဆောင်တဲ့ အဆိုများကို သက်ဆိုင်ရာသက်မှတ်ချက် အလိုက်ထည့်ပေးပါ။

| | အွန်လိုင်းပေါ်မှာ အနိုင်ကျင့်ဗိုလ်ကျခြင်း | ထရိုး (**troll**) ခေါ်ရန်စခြင်း | သူငယ်ချင်းကို အရှက်ရစေခြင်း |
|---|---|---|---|
| ဘောလုံးအသင်းမှာ ငါ့ကို စကားလာမပြောနဲ့။ နင့်နဲ့ဘယ်သူမှ မပေါင်းချင်ဘူး ငတုံးရယ်။ | | | |
| ဟားဟားဟား...ငါ့သူငယ်ချင်း ပို့ထားတဲ့ စာတွေကြည့်စမ်းပါဦး။ စာလုံးလဲ မှန်အောင် မပေါင်းတတ်ဘူး။ | | | |
| ဒီအဆိုတော်က ဘယ်သူလဲ။ က လဲ မကတတ်ဘူး။ သီချင်းကလဲ စုတ်ပြတ်၊ ဆံပင်ကလဲ အရူးကျနေတာပဲ။ | | | |
| ဟိုကောင် ငတုံး။ နင့်လွယ်အိတ်ကို ငါ အစောကတည်းက အမှိုက်ပုံး ထဲပစ်လိုက်တာ ဘယ်သူ့ကိုမှ မပြောတာ အကောင်းဆုံး ဖြစ်လိမ့်မယ်နော်။ | | | |
| ငါအရင်ကတည်းကပြောသားပဲ ဘယ်သူမှ နင့်ကိုမကြိုက်ဘူးလို့။ ဘာလို့ ကျောင်းက မထွက်သေးတာလဲ။ | | | |
| ဒါက အညံ့ဆုံး blog ပဲ။ နင်ဘယ်သူလဲ ဆိုတာငါမသိဘူး။ နင့်ရဲ့ | | | |



# အပြုသဘောဆောင်တဲ့ ဒစ်ဂျစ်တယ်နည်းပညာ သုံးစွဲသူ (အဆင့် ၃)

| | | | |
|---|---|---|---|
| ထင်မြင်ယူဆချက်ကို လဲ ဘယ်သူမှ ဂရုမစိုက်ဘူး။ | | | |
| ဒီဓါတ်ပုံမှာ ငါ့သူငယ်ချင်းကိုကြည့်ပါဦး။ သူ့ရှံ့ထဲ ကျထားတာ။ သူ့ကို ကြည့်ရတာ အရမ်း ရယ်ရတယ်။ | | | |
| ဒီကျောင်းမှာရှိတဲ့လူတိုင်း နင့်ကို ပစ်ထားဖို့ လိုက်ပြောမယ်။ နင်တစ်ယောက် ထဲ အထီးကျန်ဖြစ်စေရမယ်။ ဘယ်လိုပဲဖြစ်ဖြစ် လူတိုင်းက နင့်ကိုမုန်းနေတာပဲလေ။ | | | |
| ဟားဟား…ငါ့ အစ်မ နေ့စဉ်မှတ်တမ်းစာအုပ် ထဲက ဓါတ်ပုံကို ကြည့်ပါဦး။ | | | |
| နင် နာမည်ကြီးတာငါသိတယ်။ ဒါပေမဲ့ နင်က လဒ ူပဲ။ ဘာကြောင့် နင့်ကို လူတွေက follow လုပ်နေလဲဆိုတာ စဉ်းစားလို့မရဘူး။ | | | |

လေ့ကျင့်ခန်း ၃ ။ သင်ရဲ့သူငယ်ချင်း ဒါမှမဟုတ် မိသားစုဝင်တွေနဲ့ အွန်လိုင်းပေါ်က အနိုင်ကျင့် ဗိုလ်ကျခြင်း (**cyberbullying)** နဲ့ ထရိုး ခေါ် ရန်စခြင်း (**Trolling)** တို့ရဲ့အဓိပ္ပါယ်ကို ဆွေးနွေးပါ။

အဲဒီ (၂) ခုက ဘယ်လိုကွာခြားတာလဲ။ မကောင်းတဲ့ အမူအကျင့်တွေကို ကြုံတွေ့ရတာ၊ မြင်တွေ့ရတာတွေက အွန်လိုင်းပေါ်က လူတွေကို ဘယ်လိုထိခိုက်စေသလဲ။



# ပြန်လည်ပြုပြင်တည့်မတ်နိုင်ခြင်း (အဆင့် ၁)

ဘယ်သူမဆို အွန်လိုင်းပေါ်မှာ အမှားလုပ်မိတတ်ပါတယ်။ သင်ဂရုစိုက်နေလျက်နဲ့တောင်မှ မတော်တဆ အမှားဖြစ်နိုင်ပြီး အွန်လိုင်းပေါ်မှာ ဘေးကင်းလုံခြုံမှုမရှိဘူး ဒါမှမဟုတ် လူတွေက ညှာတာထောက်ထား မှုမရှိဘူးလို့ ခံစားရနိုင်ပါတယ်။ တကယ်လို့ မှားသွားပြီဆိုရင် ဘယ်လိုအကူအညီ ယူရမလဲဆိုတာနဲ့ ဘယ်လို ပြန်လည်ပြုပြင်တည့်မတ်ရမလဲဆိုတာ သိဖို့က အရေးအကြီးဆုံးပါ။

လေ့ကျင့်ခန်း ၁။ အောက်ဖော်ပြပါ အွန်လိုင်းပေါ်က ပြဿနာတွေ၊ အမှားတွေ နဲ့ အကိုက်ညီဆုံး အဖြေကို တွဲပေးပါ။

| | |
|---|---|
| လူမှုမီဒီယာ အကောင့်မှာ သင့်သူငယ်ချင်း တစ်ယောက်ရဲ့ အရှက်ရစေတဲ့ ပုံကို တင်ထား လိုက်တယ်။ | သင့်အကောင့်ထဲဝင်ပြီး လျှို့ဝှက်စကားလုံး ကို အသစ် တစ်ခုခုပြောင်းလိုက်ပါ။ |
| သင့်အချစ်ဆုံးသူငယ်ချင်း ကို သင့်ရဲ့ လျှို့ဝှက်စကားလုံး ပြောပြလိုက်တယ်။ | ကိန်းဂဏန်း၊ အင်္ဂလိပ်စာလုံးအကြီး နဲ့ အသေးပါဝင်တဲ့ လျှို့ဝှက်စကားလုံး အဖြစ် ပြောင်းလိုက်ပါ။ |
| လျှို့ဝှက်စကားလုံးကို အလွယ်တကူ မှတ်မိနိုင်တဲ့ပုံစံ လုပ်ထားတယ်။ လျှို့ဝှက်စကားလုံးကိုလည်း မြင်သာတဲ့ တစ်နေရာမှာ ချရေးထားတယ်။ | သူတို့ကို တောင်းပန်ပြီး ဓါတ်ပုံတွေ ပြန်ဖြုတ်ပေးလိုက်ပါ။ |
| Chat ထဲမှာ သူစိမ်းတွေကို ထည့်ထားမိပြီး အခုဆို သူတို့က မက်ဆေ့ချ် ပို့တာ မရပ်တော့ဘူး။ | ယုံကြည်ရတဲ့ လူကြီး တစ်ယောက်ကို ချက်ချင်း ပြောပြပါ။ ဒါမှ သူက သင့်ကိုကူညီပေး နိုင်မှာပါ။ ဒီလိုဖြစ်သွားတာကလဲ သင့်အပြစ်မဟုတ်ပါ။ |
| ဟာသလို့ ရည်ရွယ်ပြီး ပုံမှာ ကောမန့် ရေးလိုက်တယ်။ ဒါပေမဲ့ အဲဒါက သူငယ်ချင်းကို စိတ်ထိခိုက်သွားစေခဲ့တယ်။ | ကောမန့်ကိုဖျက်ပြီး တောင်းပြန်လိုက်ပါ။ သင်ဘာကို ဆိုလိုတယ်ဆိုတာရှင်းပြပြီး နောက်တစ်ကြိမ် မလုပ်မိအောင် ရှောင်ပါ။ |
| အရှက်ရစေတဲ့ အရာတစ်ခု လုပ်မိအောင် သင် လှည့်စားခံတယ်။ | သူတို့ကို block နဲ့ report လုပ်ဖို့ ယုံကြည်ရတဲ့ လူကြီးတစ်ယောက်ဆီမှာ အကူအညီ |



# ပြန်လည်ပြုပြင်တည့်မတ်နိုင်ခြင်း (အဆင့် ၁)

တောင်းပါ။ ပြီးရင် အဲဒီစကားပြောတဲ့ နေရာကို ပိတ်လိုက်ပါ။

လေ့ကျင့်ခန်း ၂။ အွန်လိုင်းအမှားတွေကနေ ဘယ်လို ပြန်လည်ပြုပြင်တည့်မတ်လို့ရသလဲ ဆိုတဲ့ အကောင်းဆုံး အကြံပေးချက် (၃) ချက်ကိုရေးပြီး သင့်သူငယ်ချင်း မောင်နှမများကို မျှဝေပါ။

၁) ..........................................................................................................

၂) ..........................................................................................................

၃) ..........................................................................................................

လေ့ကျင့်ခန်း ၃။ ဆွေးနွေးပါ။ အွန်လိုင်းပြဿနာတွေ၊ အမှားတွေကနေ ပြန်လည်ပြုပြင်တည့်မတ်နိုင်ခြင်းက အရေးကြီးတယ်လို့ ဘာကြောင့်ထင်ပါသလဲ။



# ပြန်လည်ပြုပြင်တည့်မတ်နိုင်ခြင်း (အဆင့် ၂)

ဘယ်သူမဆို အွန်လိုင်းပေါ်မှာအမှားလုပ်မိတတ်ပါတယ်။ သင်ဂရုစိုက်နေလျက်နဲ့တောင်မှ မတော်တဆအမှား ဖြစ်နိုင်ပြီး အွန်လိုင်းပေါ်မှာ ဘေးကင်းလုံခြုံမှုမရှိဘူး ဒါမှမဟုတ် လူတွေက ညှာတာထောက်ထား မှုမရှိဘူးလို့ ခံစားရနိုင်ပါတယ်။ တကယ်လို့မှားသွားပြီဆိုရင် ဘယ်လိုအကူအညီယူရမလဲဆိုတာနဲ့ ဘယ်လို ပြန်လည်ပြုပြင် တည့်မတ်ရမလဲဆိုတာ သိဖို့က အရေးအကြီးဆုံးပါ။

လေ့ကျင့်ခန်း ၁။ အွန်လိုင်းပေါ်က အမှားဖြစ်ရပ်တစ်ခုကို ဆွေးနွေးပါ။ အဲဒီအမှားတွေအတွက် ပြန်လည်ပြုပြင် တည့်မတ်နိုင်မယ့် အဖြေတွေကို စဉ်းစားဆွေးနွေးပါ။

လေ့ကျင့်ခန်း ၂။ အွန်လိုင်းအမှားတွေကို ဘယ်လိုဖြေရှင်းမလဲဆိုတဲ့ အကောင်းဆုံး အကြံပြုချက်တွေပါဝင်တဲ့ ပိုစတာတစ်ခု ဒီဇိုင်းထုတ် ပြုလုပ်ကာ သင့်အိမ် နဲ့ကျောင်းစာသင်ခန်းတွေမှာ ထားရှိပါ။

အောက်ပါအချက်တွေပါဝင်ရပါမယ်။

- သင်ကို စိတ်ထိခိုက်စေမယ့် အရာကို ပြုလုပ်မိအောင် လှည့်စားခံခဲ့ရရင် ယုံကြည်ရတဲ့ လူကြီးတစ်ယောက်ကို ပြောပြပါ။
- တခြားလူတွေရဲ့ ရိုင်းစိုင်းတဲ့ ပို့စ် တွေ ဒါမှမဟုတ် အရှက်စေတဲ့ပုံတွေကို ဖယ်ရှားပါ။
- ဘယ်လို block ပြီး ဘယ်လို report လုပ်လို့ရလဲဆိုတာ သင်ယူပါ။
- သင့်ရဲ့ လျှို့ဝှက်စကားလုံးကို တစ်စုံတစ်ယောက်က သိနေနိုင်တယ်လို့ထင်ရင် အသစ်ပြောင်းပါ။



# ပြန်လည်ပြုပြင်တည့်မတ်နိုင်ခြင်း (အဆင့် ၂)

လေ့ကျင့်ခန်း ၃။ သင့်မိသားစုဝင်တစ်ယောက် ဒါမှမဟုတ် သူငယ်ချင်း တစ်ယောက်ကို သင်လုပ်ထားတဲ့ ပိုစတာကိုပြပါ။ အွန်လိုင်းအမှားတွေ ပြဿနာတွေကိုကျော်လွှားပြီး ပြန်လည်ပြုပြင်တည့်မတ်နိုင်ခြင်းက ဘာကြောင့်အရေးကြီးလဲဆိုတာ ဆွေးနွေးပါ။

# ပြန်လည်ပြုပြင်တည့်မတ်နိုင်ခြင်း (အဆင့် ၃)

ဘယ်သူမဆို အွန်လိုင်းပေါ်မှာအမှားလုပ်မိတတ်ပါတယ်။ သင်ဂရုစိုက်နေလျက်နဲ့တောင်မှ မတော်တဆ အမှားဖြစ်နိုင်ပြီး အွန်လိုင်းပေါ်မှာ ဘေးကင်းလုံခြုံမှုမရှိဘူး ဒါမှမဟုတ် လူတွေက ညာတာထောက်ထားမှုမရှိဘူးလို့ ခံစားရနိုင်ပါတယ်။ တကယ်လို့ မှားသွားပြီဆိုရင် ဘယ်လိုအကူအညီ ယူရမလဲဆိုတာနဲ့ ဘယ်လို ပြန်လည်ပြုပြင်တည့်မတ်နိုင်အောင် လုပ်ရမလဲဆိုတာ သိဖို့က အရေးအကြီးဆုံးပါ။

လေ့ကျင့်ခန်း ၁ ။ ဒီလထုတ် **DigiWorld** မဂ္ဂဇင်း မှာ အွန်လိုင်းအမှားတွေနဲ့ ကြုံတွေ့ရတဲ့အခါ ဘာလုပ်ရမလဲ ဆိုတဲ့အကြံပြုချက်ကဏ္ဍ ပါဝင်ပါတယ်။ သင်က ဒစ်ဂျစ်တယ်နည်းပညာမှာ ကျွမ်းကျင်သူတစ်ယောက်ဆိုပါစို့။

အွန်လိုင်းမှာ အမှားတစ်ခုခုဖြစ်သွားတဲ့ ဖြစ်ရပ်တွေကို ဖတ်ကြည့်ပါ။

လူတစ်ယောက်စီတိုင်းကို သူတို့တွေ ပြန်လည်ပြုပြင်တည့်မတ်နိုင်မယ့် အကောင်းဆုံးနည်းလမ်းတွေ ပါဝင်တဲ့ အကြံပေးစာရေးပါ။

လွန်ခဲ့တဲ့ တစ်ပတ်တုန်းက ကျွန်မသူငယ်ချင်းတွေနဲ့ အွန်လိုင်းဂိမ်းဆော့နေတဲ့ အချိန် လူတစ်ယောက်က ကျွန်မ ကို ချက်ဘောက်(Chat Box) ကနေစကားလာပြောတယ်။ သူဘယ်သူလဲဆိုတာ မသိပေမယ့် သူနဲ့စကားပြောရင် ရယ်ရမယ်လို့ ထင်ခဲ့လို့လေ။ ခု အဲဒီလူက ကျွန်မကို မက်ဆေ့ချ်တွေအမြဲလာပို့ပြီး နှောက်ယှက်နေတယ်။ တချို့မက်ဆေ့ချ်တွေက အရမ်းရိုင်းတာပဲ။ ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောပြဖြစ်ဘူး။ ကြောက်လဲ ကြောက် ရှက်လဲရှက်လို့ပါ။ ကျွန်မဘာလုပ်သင့်လဲ။ ကူညီပါဦး။

ဂျဲန်နက် ၊ ၁၄ နှစ်

ကျွန်မ လူမှုမီဒီယာပေါ်မှာ ပို့စ် တစ်ခုတင်လိုက်တယ်။ အဲဒီ ပို့စ်ကို သူငယ်ချင်းတွေမြင်ရင် ပျော်မယ်လို့ ထင်လို့ပါ။ တစ်ယောက်က ကျွန်မကိုပြောတယ် အဲဒီ ပို့စ် က ဘာသာရေးအဖွဲ့ တစ်ခုကို တိုက်ခိုက်ရေးသားထားတဲ့ ပို့စ် ကြီးတဲ့။ အဲဒါက အကြမ်းဖက်မှုနဲ့ အမုန်းပွားမှုတွေ ပြုလုပ်နေတဲ့ အဖွဲ့ကလာတာတဲ့။ ကျွန်မ ဘာလုပ်သင့်လဲ။

# ပြန်လည်ပြုပြင်တည့်မတ်နိုင်ခြင်း (အဆင့် ၃)

ကျွန်မ ကတော့ ဟာသလို့ထင်ထားတာ။ သူတစ်ပါးကို
ထိခိုက်စေဖို့ မရည်ရွယ်ခဲ့ပါဘူး။

ဆူစန် ၊ ၁၅ နှစ်

အွန်လိုင်းပေါ်မှာ ဆောင်းပါးတစ်ခုဖတ်လိုက်ရတယ်
ကမ္ဘာကြီး အဆုံးသတ်တော့မယ်တဲ့။ ပထမတော့
ကျွန်တော်အရမ်းကြောက်သွားတယ်။ ကျွန်တော့်အမေ
က အဲဒီဆောင်းပါးက အမှန်မဟုတ်ဘူးလို့ပြောပြီး
ကျွန်တော့် သံသယတွေကို ပြေပျောက်စေခဲ့ပါတယ်။
အဲဒါကိုယုံမိလို့ ကျွန်တော် နည်းနည်းရှက်မိပါတယ်။
အွန်လိုင်းမှာ ဘယ်သတင်းတွေက အမှန်လဲဆိုတာ
ဘယ်လိုသိနိုင်မလဲ။
ကူညီနိုင်မယ့်နည်းလမ်းတွေရှိလားခင်ဗျ။ ကျေးဇူးပါ။
ဂျွန် ၊ ၁၃ နှစ်

ကျွန်မ အိပ်ခန်းထဲမှာ ကျွန်မကြိုက်တဲ့ သီချင်းဆိုပြီး က
နေတဲ့ ပုံကို liveလွှင့်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ကျွန်မ
ဗီဒီယိုမှာ ကောင်းတဲ့ ကောမန့်တွေအများကြီး
တက်လာတယ်။ ဒါပေမဲ့ တချို့ကောမန့်တွေက တကယ့်ကို
ရိုင်းပါတယ်။ ဝမ်းလည်းနည်း၊ ရှက်လည်းရှက်မိ ပါတယ်။
တစ်ချို့က ကျွန်မ ဘယ်မှာနေလဲ ဖုန်းနံပါတ် သိချင်တယ် လို့
ကောမန့်မှာ လာမေးကြတယ်။ သူတို့ရဲ့နာမည်တွေ
အသက်တွေကျတော့ မပြောပြဘူး။ သူတို့ကို လျစ်လျူရှု
လိုက်ရင် ရိုင်းရာကျသွားမလား။ ဘာလုပ်ရမလဲ။
ကိတ် ၊ ၁၅ နှစ်

အွန်လိုင်းပေါ်မှာ တစ်ခုခုလုပ်ဖို့ လူတစ်ယောက်က
ကျွန်တော့်ကို လှည့်စားခဲ့ပါတယ်။ အခု အဲဒီအတွက်
စိတ်ထိခိုက်ပြီး ရှက်မိပါတယ်။ ဒီအကြောင်း ကိုဘယ်သူ့
ကိုမှ မပြောပြချင်ပါဘူး။ ဘာလို့ လဲဆိုတော့ အဲဒါ ကျွန်တော့်
အမှားလို့ပဲ သူများတွေထင်ကြမှာပါ။ အဲဒီ အချိန်မှာ

be smart
use heart

# ပြန်လည်ပြုပြင်တည့်မတ်နိုင်ခြင်း (အဆင့် ၃)

ဘာတွေဖြစ် သွားမှန်းကို မသိဘူး။ ဒါက ကျွန်တော့်
အမှားလား။ ဘာလုပ်သင့်လဲ။
ပီတာ ၊ ၁၄ နှစ်

လေ့ကျင့်ခန်း ၂ ။ ဆွေးနွေးပါ။ အွန်လိုင်းအမှားတွေ ပြဿနာတွေကနေ ပြန်လည်ပြုပြင်တည့်မတ်နိုင်ဖို့ အကောင်းဆုံးနည်းလမ်းတွေကို သိဖို့ အရေးကြီးတယ်လို့ ဘာလို့ ထင်ပါသလဲ။

# ဒစ်ဂျစ်တယ်ကမ္ဘာကိုနားလည်ခြင်း (အဆင့် ၁)

အောက်ဖော်ပြပါ ညာဏ်စမ်းပဟေဠိ အတိုလေးတွေကို ဖြေကြည့်ပြီး ဒစ်ဂျစ်တယ်ကမ္ဘာအကြောင်း သင်ဘယ်လောက်သိထားလဲ ဆိုတာကြည့်ရအောင်။

အောက်ဖော်ပြပါ စာကြောင်းတွေကို ဖတ်ကြည့်ပြီး မှန် ဒါမှမဟုတ် မှား ရွေးပေးပါ။

၁။ တခြားလူတွေကို သင့်လျှို့ဝှက်စကားလုံးပြောပြတာ ကောင်းတဲ့အကြံပါ။

မှန် မှား

၂။ သင့်သူငယ်ချင်းရဲ့ ရယ်စရာပုံတွေကို လူမှုမီဒီယာပေါ် **share** လို့ရပါတယ်။

မှန် မှား

၃။ တစ်စုံတစ်ယောက်က အွန်လိုင်းပေါ်ကနေ သင့်ဆီကို ရိုင်းစိုင်းတဲ့ မက်ဆေ့ချ်ပို့တယ် ဆိုရင် သင်ယုံကြည်ရတဲ့ လူကြီးတစ်ယောက်ကို အသိပေးသင့်ပါတယ်။

မှန် မှား

၄။ ဝက်ဘ်ဆိုက်အားလုံးက ဘေးကင်းလုံခြုံမှုမရှိသလို အွန်လိုင်းပေါ်က ပုံတွေ၊ အကြောင်းအရာတွေ အားလုံး ကလည်း အမှန်မဖြစ်နိုင်ပါဘူး။

မှား

မှန်

၅။ သင်မသိတဲ့လူက သင့်ကို မက်ဆေ့ချ်ပို့တာကို မသိချင်ယောင်ဆောင်တာက ရိုင်းရာကျပါတယ်။

မှန် မှား

# ဒစ်ဂျစ်တယ်ကမ္ဘာကို နားလည်ခြင်း (အဆင့် ၂)

***အမှန်ရွေးရတဲ့ ဉာဏ်စမ်းပဟေဠိကို ဖြေကြည့်ပြီး သင်ဘယ်လောက်သိထားသလဲ ဆိုတာကြည့်ရအောင်။***

**၁။ သင့်ရဲ့ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ကာကွယ်ချင်တယ်ဆိုရင် အွန်လိုင်းပေါ် *share* လုပ်တဲ့အခါ သတိထားရမယ့်အရာက ဘယ်အရာတွေလဲ။**

ကါ။ နာမည်အပြည့်အစုံ နဲ့ မွေးသက္ကရာဇ်

ခ။ သင့်အိမ်မွေးတိရစ္ဆာန်အကြိုက်ဆုံးအစားအစာ

ဂ။ ဘောလုံးအားကစားကို ကြိုက်တဲ့အကြောင်း

ဃ။ သင်အကြိုက်ဆုံးစာအုပ်

**၂။ တစ်စုံတစ်ယောက်က အွန်လိုင်းပေါ်ကနေထိခိုက်စော်ကားတဲ့ မက်ဆေ့ချ်တွေ ပို့နေရင် ဘာလုပ်ရမှာလဲ။**

က။ ဒါကို ရယ်စရာလို့ထင်မယ့်သူငယ်ချင်းကို ပြမယ်။

ခ။ သူ့ကို ထိခိုက်စော်ကားတဲ့ မက်ဆေ့ချ်တွေ ပြန်ပို့မယ်။

ဂ။ ဝန်ဆောင်မှုပေးတဲ့သူဆီ မက်ဆေ့ချ်ကို **report** လုပ်မယ်။ ပို့တဲ့လူကို **block** လုပ်ပြီး ယုံကြည်ရတဲ့ လူကြီးကိုပြောပြမယ်။

ဃ။ မက်ဆေ့ချ်ကို ဖျက်ပစ်ပေမယ် ဒါပေမဲ့ သူတို့အကြောင်း ဘယ်သူ့ဆီကိုမှ **report** မလုပ်ဘူး။

**၃။ အွန်လိုင်းအကောင့်အတွက် လျှို့ဝှက်စကားလုံးရွေးတဲ့အခါ အောက်ဖော်ပြပါထဲက ဘယ်အရာက အကောင်းဆုံးလဲ။**

က။ မမေ့အောင်လို့ လွယ်တဲ့တစ်ခုကို စဉ်းစားပြီး သင့်သူငယ်ချင်းကို ပြောပြထားဖို့မမေ့ပါနဲ့။

ခ။ လျှို့ဝှက်စကားလုံးတွေရောထွေး မနေအောင်လို့ အွန်လိုင်းအကောင့်အားလုံးတွက် လျှို့ဝှက်စကားလုံး တစ်ခုပဲသုံးပါ။

ဂ။ အကောင့်တစ်ခုဆီအတွက် မတူညီတဲ့ လျှို့ဝှက်စကားလုံးကိုသုံးပါ။ ဘယ်သူမှမသိအောင် လည်း ထိန်းသိမ်းထားပါ။

ဃ။ မြင်သာထင်ရှားတဲ့ နေရာမှာရေးမှတ်ထားပါ ဒါမှ ဘယ်မှာ ရှာရမလဲသိမှာပါ။

**၄။** Facebook **ကဘာလို့ အကောင့်ဖွင့်တဲ့အခါ ပိုက်ဆံမကောက်တာလဲ။**

က။ ဒါကအလှူပေးတာဖြစ်ပြီး အခမဲ့ ဝန်ဆောင်မှု ပေးနိုင်အောင် တတ်နိုင်လို့ပါ။

ခ။ အရမ်းချမ်းသာတဲ့ ကုမ္ပဏီဖြစ်လို့ ပိုက်ဆံ ထပ်ရှာစရာ မလိုလို့ပါ။

ဂ။ အသက် ၁၆ နှစ်ပြည့်ပြီးသူတွေကို ငွေကြေး ကောက်ခံတယ်။

ဃ။ သင့်ကို ဦးတည်ပြီးကြော်ငြာတဲ့ လုပ်ငန်းတွေ ဆီကနေ ပိုက်ဆံရပါတယ်။

**၅။ ယုံကြည်စိတ်ချလို့မရတဲ့ ဝက်ဆိုက်ရဲ့လက္ခဏာ ကဘာလဲ။**

က။ အကြောင်းအရာနဲ့ ရုပ်ပုံ တွဲလျက်ရှိတယ်။

ခ။ ဝက်ဘ်လိပ်စာ (**URL**) ကကြည့်ရတာ ထူးဆန်း နေတယ်။



# ဒစ်ဂျစ်တယ်ကမ္ဘာကို နားလည်ခြင်း (အဆင့် ၂)

ဂ။ **Pop-up** ကြော်ငြာတွေမရှိဘူး။

ဃ။ ဝက်ဘ်ဆိုက်က အရောင်တွေ အများကြီးရှိတယ်။

# ဒစ်ဂျစ်တယ်ကမ္ဘာကို နားလည်ခြင်း (အဆင့် ၂)

**၆။ အွန်လိုင်း ထရိုး (troll) ရဲ့ဥပမာက ဘယ်တစ်ခုလဲ။**

က။ လူမှုမီဒီယာပေါ် ရိုင်းစိုင်းတဲ့ ပို့စ်ရေးပြီး အွန်လိုင်းပေါ် ငြင်းခုံမှု စတင်တယ်။

ခ။ လူမှုမီဒီယာပေါ်ဖတ်မိသမျှ ပို့စ်တိုင်းကို ကောမန့်ပေးတယ်။

ဂ။ စကားလုံးအစား **emoji** တွေကို သုံးတယ်။

ဃ။ သူငယ်ချင်းတွေရဲ့ **group chat** ထဲသင့်ပုံကို ပို့လိုက်တယ်။

**၇။ ဘယ်အဆိုက အွန်လိုင်းပေါ်ကောင်းမွန်တဲ့အမူအကျင့်ရဲ့ဥပမာဖြစ်ပါသလဲ။**

က။ မိဘတွေဆီနေ့တိုင်း မက်ဆေ့ချ်ပို့တယ်။

ခ။ မအိပ်ခင်ဖုန်းစက်ပိတ်ထားတယ်။

ဂ။ လူမှုမီဒီယာပေါ် သူငယ်ချင်းတွေရဲ့ပုံ မတင်ခင် တင်လို့ရလားလို့ သူငယ်ချင်းတွေကို မေးတယ်။

ဃ။ အင်္ဂလိပ်လို စာရေးတဲ့အခါ စာလုံးအသေး အစား စာလုံးအကြီးတွေနဲ့ရေးတယ်။

**၈။ အောက်ဖော်ပြပါ လုပ်ဆောင်ချက်တွေအားလုံး ပါဝင်တဲ့ အက်ပ် ဒါမှမဟုတ် ဝက်ဘ်ဆိုက် က ဘာကိုပြောတာလဲ။**
စိစစ်ထိန်းသိမ်းမှုရှိခြင်း (***moderation)***၊ ***Block*** လုပ်နိုင်ခြင်း၊ ကိုယ်ရေးကိုယ်တာအချက်အလက်ထိန်းချုပ်မှုပုံစံ (***privatecy setting)***၊ ကျွမ်းကျင်ပညာရှင်မှ ဖန်တီးထားသော အကြောင်းအရာ (***professional content)***

က။ ဒီ ဝက်ဘ်ဆိုက်က ဘေးကင်းလုံခြုံမှုမရှိဘူးလို့ ဆိုလိုတာဖြစ်တယ်။

ခ။ ဒီအရာတွေက ဒီဝက်ဆိုက်က ဘေးကင်းလုံခြုံတယ်လို့ ညွှန်ပြတယ်။

ဂ။ ဒီအရာတွေက ဒီဝက်ဘ်ဆိုက်က သတင်းဝက်ဘ်ဆိုက် ဖြစ်နိုင်တယ်လို့ ညွှန်ပြတယ်။

ဃ။ အဲဒီအရာတွေက ဒီဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုသူ တစ်ရက်လျင် တစ်သိန်းရှိတယ်လို့ ညွှန်ပြတယ်။

**၉။ ' သင့်ဘဝအကြောင်းကို တစ်လောကလုံးကြည့်နိုင်ဖို့ အွန်လိုင်းပေါ်အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ပြသတယ်' ဆိုတာ ဘာကိုပြောတာလဲ။**

က။ အွန်လိုင်းပေါ်မှာ သင်က တခြားတစ်ယောက် အဖြစ် ယောင်ဆောင်ခြင်း။

ခ။ သူငယ်ချင်း ၃ ယောက် နဲ့ ဗီဒီယို **chat** ခြင်း။.

ဂ။ တန်းတူ အချင်းချင်း ပံ့ပိုးကူညီခြင်း။

ဃ။ **Live**လွှင့်ပြသခြင်း။

၁၀။ သင့်အချစ်ဆုံးသူငယ်ချင်းနဲ့ အွန်လိုင်းဂိမ်းကစားနေတယ်လို့ စိတ်ကူးကြည့်ပါ။ 'နောက်ဆုံးပေါ် စမတ်ဖုန်း ဆုရရန် ဒီနေရာကို နှိပ်ပါ' ဆိုတဲ့ **pop-up** မက်ဆေ့ချ် တက်လာတယ်။ အကောင်းဆုံး လုပ်ဆောင်ချက်က ဘာဖြစ်မလဲ။

က။ သင့်သူငယ်ချင်းကို **Pop-up** နှိပ်ခိုင်းလိုက်မယ်။

ခ။ မက်ဆေ့ချ်ကို လစ်လျူရှုပြီး **window** ကို ပိတ်လိုက်မယ်။

အဖြေများ။ ၁-ဃ၊ ၂-ဂ၊ ၃-ဂ၊ ၄-က၊ ၅-ခ၊ ၆-ဃ၊ ၇-ဂ၊ ၈-ခ၊ ၉-က၊ ၁၀-ခ

be smart use heart

# ဒစ်ဂျစ်တယ်ကမ္ဘာကို နားလည်ခြင်း (အဆင့် ၂)

ဂ။ ဆုရမရ သိနိုင်ဖို့ မက်ဆေ့ချ်ကို နှိပ်လိုက်မယ်။

ဃ။ မက်ဆေ့ချ်ကို ဒီအတိုင်း ထားလိုက်ပြီး ဂိမ်းဆော့ပြီးမှပဲ နှိပ်ကြည့်မယ်။

အဖြေများ။ ၁-က၊ ၂-ဂ၊ ၃-ဂ၊ ၄-ဃ၊ ၅-ခ၊ ၆-က၊ ၇-ဂ၊ ၈-ခ၊ ၉-ဃ၊ ၁၀-ခ

be smart use heart

# ဒစ်ဂျစ်တယ်ကမ္ဘာကို နားလည်ခြင်း (အဆင့် ၃)

**အမှန်ရွေးရတဲ့ ဉာဏ်စမ်းပဟေဠိကို ဖြေကြည့်ပြီး သင်ဘယ်လောက်သိထားသလဲ ဆိုတာကြည့်ရအောင်။**

**၁။ လူမှုမီဒီယာပေါ် တခြားလူရဲ့ ဓါတ်ပုံကိုမတင်ခင် ဘာလို့ မေးကြည့်ဖို့လိုတာလဲ။**

က။ သင့်မှာ **follower** တွေ လုံလုံလောက်လောက် မရှိလို့ ပုံတင်ရတာ တန်ချင်မှတန်မှာပါ။

ခ။ သင်က ဓါတ်ပုံထဲမှာမပါတော့ သင့်သူငယ်ချင်းတွေ ဇဝေဇဝါဖြစ်သွားနိုင်လို့ပါ။

ဂ။ ဓါတ်ပုံထဲပါတဲ့လူက သူ့ပုံကို **Public** နဲ့ မတင်စေချင်တာဖြစ်နိုင်လို့ပါ။

ဃ။ ဓါတ်ပုံကို **edit** မလုပ်ပဲ ဘယ်တော့မှမတင်သင့်ပါ။

**၂။ အောက်ပါထဲမှ ဘယ်အဆိုက အင်တာနက်ပေါ်က သတင်းအတု အဖြစ်နိုင်ဆုံးလဲ ဆိုတာရွေးပါ။**

က။ မြင်းလောက်ရှိတဲ့ ပုရွက်ဆိတ်ကြီး မြို့ပြင်လယ်ကွင်းထဲမှာ တွေ့ရှိရခြင်း။

ခ။ အစိုးရရုံးပိတ်ရက်ကြောင့် မြို့ထဲမှာကားလမ်းပိတ်ဆို့မှုဖြစ်။

ဂ။ မြို့တိရိစ္ဆာန်ရုံသို့ ကျားသားပေါက်အသစ်ရောက်ရှိ

ဃ။ လျှပ်စစ်ဓာတ်ကြောင့် အဆောက်အအုံများပျက်စီး။

**၃။ အောက်ပါတို့ထဲမှ ဘယ်အဆိုက တန်းတူအချင်းချင်း ကူညီခြင်းရဲ့ဥပမာလဲ။**

က။ အိမ်နဲ့ ပြဿနာဖြစ်နေတဲ့ကျောင်းသားကို ဆရာကကူညီတယ်။

ခ။ နေမကောင်းဖြစ်နေတဲ့ လူငယ်လေးကိုဆရာဝန်က ကူညီပေးတယ်။

ဂ။ လူငယ်လေးက စိတ်ကျန်းမာရေးဆရာဝန်နဲ့ သိမြင်ခြင်းနဲ့ပတ်သက်ပြီး ကုသမှုခံနေတယ်။

ဃ။ လူငယ်လေးက သူနဲ့ဝေဒနာတူသူတွေကို ကူညီဖို့ ဗီဒီယို **Blog** တစ်ခု ပြုလုပ်တယ်။

၄။ **Facebook** ပေါ်မှာ အောက်ဖော်ပြပါထဲက ဘယ်အရာအတွက် **algorithm** အသုံးမပြုထားတာလဲ။

က။ သင့်ရဲ့**newsfeed** မှာ ဘယ်အကြောင်းအရာတွေ ပြစေချင်လဲဆိုတာ ဆုံးဖြတ်ဖို့

ခ။ သင်နဲ့ အပြန်အလှန်ဆက်သွယ်မှု ကို အခြေခံပြီး တချို့သူငယ်ချင်းတွေရဲ့ပို့စ်တွေကို ရွေးချယ်ပြသနိုင်ဖို့

ဂ။ သင်တင်လိုက်တဲ့ ပို့စ်တိုင်း **like** အများကြီးရမယ်လို့ အာမခံဖို့

ဃ။ ဘယ်ပို့စ်တွေက ယုံကြည်စိတ်ချလို့မရတဲ့၊ **spam** ပါတဲ့ လင့်ခ်တွေဖြစ်နိုင်လဲ ဆိုတာ ဖော်ထုတ်နိုင်ဖို့

၅။ **Catfishing** ဆိုတာဘာလဲ။

က။ အွန်လိုင်းပေါ် တခြားတစ်ယောက်အဖြစ် ဟန်ဆောင်တာ

ခ။ တခြားသူတွေရဲ့ **follower** တွေကို ခိုးယူတာ

ဂ။ အွန်လိုင်းပေါ်ကလူတွေကို ရိုင်းစိုင်းတဲ့ မက်ဆေ့ချ်ပို့တာ

ဃ။ အွန်လိုင်းပေါ်က ပို့စ်တိုင်းကို **like** လုပ်တာ

# ဒစ်ဂျစ်တယ်ကမ္ဘာကို နားလည်ခြင်း (အဆင့် ၃)

**၆။ လျှို့ဝှက်စကားလုံးနဲ့ အကောင့်ထဲဝင်လိုက်တယ်။ လုံခြုံရေးအဆင့် တစ်ခု ထပ်ပေါင်းထည့်တဲ့ အနေနဲ့ သင့်ဖုန်းထဲကို နံပါတ်တစ်ခုပို့ပေးတယ် ဆိုတာ ဘာကိုပြောတာလဲ။**

က။ စိစစ်ထိန်းသိမ်းမှုရှိခြင်း

ခ။ အဆင့် ၂ ဆင့် စစ်ဆေးမှုပုံစံ

ဂ။ လျှို့ဝှက်စကားလုံး မျှဝေခြင်း

ဃ။ အွန်လိုင်းပေါ် မည်သူမည်ဝါ မသိနိုင်ခြင်း

**၇။ လျှို့ဝှက်သကေ□တနဲ့ မက်ဆေ့ချ် ပို့တယ်ဆိုတာ ဘာအဓိပ္ပါယ်လဲ။**

က။ ဒီမက်ဆေ့ချ် က လျှို့ဝှက်သကေ□တနဲ့ ဖြစ်နေတယ်။ ဒါကြောင့် ဒီမက်ဆေ့ချ်ကို ပို့တဲ့လူနဲ့လက်ခံသူ နှစ်ဦးသာ ဖတ်နိုင်တယ်။

ခ။ ဒီမက်ဆေ့ချ်က လူမှုမီဒီယာပေါ် **public** နဲ့တင်ထားပြီး လူတိုင်းဖတ်နိုင်တယ်။

ဂ။ ဒီမက်ဆေ့ချ် မှာ တရားမဝင်တဲ့ အကြောင်းအရာအမြဲပါတယ်။

ဃ။ ဒီမက်ဆေ့ချ်ကို မတော်တဆလူများပြီး ပို့လိုက်တယ်။

**၈။ ဒါကဘာကို ရည်ညွှန်းတာပါလဲ။ ‘အွန်လိုင်းပေါ်တင်တဲ့ အကြောင်းအရာတွေကို စစ်ဆေးပေးဖို့၊** report **တွေကို ကိုင်တွယ် ဖြေရှင်းဖို့ နဲ့ ထိခိုက်စေတဲ့ အကြောင်းအရာတွေကို ဖယ်ရှားပေးဖို့ ဝန်ထမ်းတွေကို ဝက်ဘ်ဆိုက်တွေက ခန့်ထားလေ့ရှိတယ်’**

က။ မည်သူမည်ဝါမသိနိုင်ခြင်း

ခ။ စိစစ်ထိန်းသိမ်းပေးခြင်း

ဂ။ ကိုယ်ရေးကိုယ်တာအချက်အလက်ထိန်းချုပ်မှု

ဃ။ လူမှုမီဒီယာ **follower** များ။

**၉။ ဘယ်ဖြစ်ရပ်က အွန်လိုင်းပေါ်မှာကိုယ်ချင်းစာမှုပြခြင်းကို ဖော်ပြတဲ့ ဥပမာလဲ။**

က။ လူမှုမီဒီယာပေါ် သင့်သူငယ်ချင်းရဲ့ အရှက်ရစရာပုံကို တင်လိုက်ပြီး ရယ်နေတဲ့ **emoji** ကို ပုံအောက်မှာ စာတန်းထိုးလိုက်တယ်။

ခ။ နေမကောင်းတဲ့ ကောင်လေးတစ်ယောက်က သူ့ရောဂါ အကြောင်းအွန်လိုင်းပေါ်ရှာကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဂ။ ကောင်မလေးက သူ့ဓါတ်ပုံကို သူတို့မိသားစု **group chat** လုပ်တဲ့ထဲ ပို့လိုက်တယ်။

ဃ။ လူတစ်ယောက်က ပရဟိတအတွက် ခက်ခက်ခဲခဲ လုပ်ဆောင်ခဲ့တဲ့အကြောင်း ဗီဒီယိုမှာ ကောင်လေး တစ်ယောက်က“ တော်လိုက်တာ၊ အစ်ကို ဘယ်လို ခံစားနေရလဲဆိုတာ ကျွန်တော်သိပါတယ်ဗျာ” လို့ရေးလိုက်တယ်။

**၁၀။ လူမှုမီဒီယာပေါ်မှာ ဘာသာတရားကိုအခြေခံပြီး လူတစ်စုကို တိုက်ခိုက်တဲ့ပို့စ်တစ်ခုရှိတယ်။ လူတစ်ယောက်က** like **လုပ်လိုက်ပြီး ဟာသ အနေနဲ့ သူ့သူငယ်ချင်းတွေကို** share **လိုက်တယ်။ အောက်ပါတို့မှ အသင့်တော်ဆုံး တုံ့ပြန်မှုကိုရွေးပါ။**

# ဒစ်ဂျစ်တယ်ကမ္ဘာကို နားလည်ခြင်း (အဆင့် ၃)

က။ ဒါကဟာသပဲ။ ရယ်စရာဆိုရင်တော့ **like** နဲ့ **share** လုပ်တာ ပြဿနာမရှိပါဘူး။

ခ။ ဒါက အမုန်းစကားဖြန့်ဝေခြင်းရဲ့ဥပမာပါ။ လူမှုမီဒီယာပေါ် **share** တာ မမှန်ကန်ပါဘူး။

ဂ။ **Share** လို့ရပါတယ်။ ဒါပေမဲ့ ဒါက ဟာသဆိုတာ သေချာရှင်းလင်းအောင်ပြောရပါမယ်။

ဃ။ ဓါတ်ပုံ နဲ့ တခြား ကိုယ်ရေးအချက်အလက်တွေ မပါရင် **share** လို့ရပါတယ်။



be smart
use heart

# ဒစ်ဂျစ်တယ်ကမ္ဘာကိုနားလည်ခြင်း - အဆင့် ၁

အောက်ဖော်ပြပါ ဉာဏ်စမ်းပဟေဠိ အတိုလေးတွေကို ဖြေကြည့်ပြီး ဒစ်ဂျစ်တယ်ကမ္ဘာအကြောင်း သင်ဘယ်လောက်သိထားလဲ ဆိုတာကြည့်ရအောင်။

အောက်ဖော်ပြပါ စာကြောင်းတွေကို ဖတ်ကြည့်ပြီး မှန် ဒါမှမဟုတ် မှား ရွေးပေးပါ။

၁။ တခြားလူတွေကို သင့်လျှို့ဝှက်စကားလုံးပြောပြတာ ကောင်းတဲ့အကြံပါ။

မှန်     မှား

၂။ သင့်သူငယ်ချင်းရဲ့ ရယ်စရာပုံတွေကို လူမှုမီဒီယာပေါ် share လို့ရပါတယ်။

မှန်     မှား

၃။ တစ်စုံတစ်ယောက်က အွန်လိုင်းပေါ်ကနေ သင့်ဆီကို ရိုင်းစိုင်းတဲ့ မက်ဆေ့ချ်ပို့တယ် ဆိုရင် သင်ယုံကြည်ရတဲ့လူကြီးတစ်ယောက်ကို အသိပေးသင့်ပါတယ်။

မှန်     မှား

၄။ ဝက်ဘ်ဆိုက်အားလုံးက ဘေးကင်းလုံခြုံမှုမရှိသလို အွန်လိုင်းပေါ်က ပုံတွေ၊ အကြောင်းအရာတွေ အားလုံးကလည်း အမှန်မဖြစ်နိုင်ပါဘူး။

မှန်     မှား

၅။ သင်မသိတဲ့လူက သင့်ကို မက်ဆေ့ချ်ပို့တာကို မသိချင်ယောင်ဆောင်တာက ရိုင်းရာကျပါတယ်။

မှန်     မှား

ANSWERS: 1. FALSE 2. FALSE 3. TRUE 4. TRUE 5. FALSE

be smart
use heart



# ဒစ်ဂျစ်တယ်ကမ္ဘာကိုနားလည်ခြင်း - အဆင့် ၂

အမှန်ရွေးရတဲ့ ဉာဏ်စမ်းပဟေဠိကို ဖြေကြည့်ပြီး သင်ဘယ်လောက်သိထားသလဲ ဆိုတာကြည့်ရအောင်။

**1.** သင့်ရဲ့ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို ကာကွယ်ချင်တယ်ဆိုရင် အွန်လိုင်းပေါ် **share** လုပ်တဲ့အခါ သတိထားရမယ့်အရာက ဘယ်အရာတွေလဲ။

က။ နာမည်အပြည့်အစုံ နဲ့ မွေးနေ့

ခ။ သင့်အိမ်မွေးတိရစ္ဆာန်အကြိုက်ဆုံးအစားအစာ

ဂ။ ဘောလုံးအားကစားနည်းကို ကြိုက်တဲ့အကြောင်း

ဃ။သင့်အကြိုက်ဆုံးစာအုပ်

**2.** တစ်စုံတစ်ယောက်က အွန်လိုင်းပေါ်ကနေထိခိုက်စော်ကားတဲ့ မက်ဆေ့ချ်တွေ ပို့နေရင် ဘာလုပ်ရမှာလဲ။

က။ အဲဒါကို ရယ်စရာလို့ထင်မယ့် သူငယ်ချင်းကို ပြမယ်။

ခ။ သူ့ကို ထိခိုက်စော်ကားတဲ့ မက်ဆေ့ချ်တွေပြန်ပို့မယ်။

ဂ။ ဝန်ဆောင်မှုပေးတဲ့လူဆီ မက်ဆေ့ချ်ကို report လုပ်မယ်။ ပို့တဲ့လူကို block လုပ်ပြီး ယုံကြည်ရတဲ့ လူကြီးကိုပြောပြမယ်။

ဃ။ မက်ဆေ့ချ်ကို ဖျက်ပစ်ပေမယ် ဒါပေမဲ့ သူတို့အကြောင်း ဘယ်သူ့ဆီကိုမှ report မလုပ်ဘူး။

**3.** အွန်လိုင်းအကောင့်အတွက် လျှို့ဝှက်စကားလုံးရွေးတဲ့အခါ အောက်ဖော်ပြပါထဲက ဘယ်အရာက အကောင်းဆုံးလဲ။

က။ မမေ့အောင်လို့ လွယ်တဲ့တစ်ခုကို စဉ်းစားပြီး သင့်သူငယ်ချင်းကို ပြောပြထားဖို့မမေ့ပါနဲ့။

ခ။ လျှို့ဝှက်စကားလုံးတွေရောထွေး မနေအောင်လို့ အွန်လိုင်းအကောင့်အားလုံးတွက် လျှို့ဝှက်စကားလုံးတစ်ခုပဲသုံးပါ။

ဂ။ အကောင့်တစ်ခုဆီတွက် မတူညီတဲ့ လျှို့ဝှက်စကားလုံးကိုသုံးပါ။ ဘယ်သူမှမသိအောင် လည်း ထိန်းသိမ်းထားပါ။

ဃ။ မြင်သာထင်ရှားတဲ့ နေရာမှာရေးမှတ်ထားပါ ဒါမှ ဘယ်မှာ ရှာရမလဲသိမှာပါ။

**4.** **Facebook** ကဘာလို့ အကောင့်ဖွင့်တဲ့အခါ ပိုက်ဆံမကောက်တာလဲ။

က။ ဒါကအလှူပေးတာဖြစ်ပြီး အခမဲ့ဝန်ဆောင်မှုပေးနိုင်အောင်တတ်နိုင်လို့ပါ။

ခ။ အရမ်းချမ်းသာတဲ့ ကုမ္ပဏီဖြစ်လို့ ပိုက်ဆံထပ်ရှာစရာ မလိုလို့ပါ။

ANSWERS: 1.A 2.C 3.C 4.D 5.B 6.A 7.C 8.B 9.D 10.B

be smart
use heart

# ဒစ်ဂျစ်တယ်ကမ္ဘာကိုနားလည်ခြင်း - အဆင့် ၂

ဂ။ အသက် ၁၆ နှစ်ပြည့်ပြီးသူတွေကို ငွေကြေးကောက်ခံတယ်။

ဃ။ သင့်ကို ဦးတည်ပြီးကြော်ငြာတဲ့ လုပ်ငန်းတွေဆီကနေ ပိုက်ဆံရပါတယ်။

**5.** ယုံကြည်စိတ်ချလို့မရတဲ့ ဝက်ဆိုက်ရဲ့လက္ခဏာ ကဘာလဲ။

က။ အကြောင်းအရာ နဲ့ ရုပ်ပုံတွဲလျက်ရှိတယ်။

ခ။ ဝက်ဘ်လိပ်စာ (URL) ကကြည့်ရတာ ထူးဆန်းနေတယ်။

ဂ။ Pop-up ကြော်ငြာတွေမရှိဘူး။

ဃ။ ဝက်ဘ်ဆိုက်က အရောင်တွေအများကြီးရှိတယ်။

**6.** အွန်လိုင်း ထရိုး (**troll)** ရဲ့ဥပမာက ဘယ်တစ်ခုလဲ။**?**

က။ လူမှုမီဒီယာပေါ် ရိုင်းစိုင်းတဲ့ ပို့စ်ရေးပြီး အွန်လိုင်းပေါ် ငြင်းခုံမှု စတင်တယ်။

ခ။ လူမှုမီဒီယာပေါ်ဖတ်မိသမျှ ပို့စ်တိုင်းကို ကောမန့်ပေးတယ်။

ဂ။ စကားလုံးအစား emoji တွေကို သုံးတယ်။

ဃ။ သူငယ်ချင်းတွေရဲ့ group chat ထဲသင့်ပုံကို ပို့လိုက်တယ်။

**7.** ဘယ်အဆိုက အွန်လိုင်းပေါ်ကောင်းမွန်တဲ့အမူအကျင့်ရဲ့ဥပမာဖြစ်ပါသလဲ။

က။ မိဘတွေဆီနေ့တိုင်း မက်ဆေ့ချ်ပို့တယ်။

ခ။ မအိပ်ခင်ဖုန်းစက်ပိတ်ထားတယ်။

ဂ။ လူမှုမီဒီယာပေါ် သူငယ်ချင်းတွေရဲ့ပုံမတင်ခင် တင်လို့ရလားလို့ သူငယ်ချင်းတွေကိုမေးတယ်။

ဃ။ အင်္ဂလိပ်လို စာရေးတဲ့အခါ စာလုံးအသေးအစား စာလုံးအကြီးတွေနဲ့ရေးတယ်။

**8.** အောက်ဖော်ပြပါ လုပ်ဆောင်ချက်တွေအားလုံး ပါဝင်တဲ့ အက်ပ် ဒါမှမဟုတ် ဝက်ဘ်ဆိုက် က ဘာကိုပြောတာလဲ။

စိစစ်ထိန်းသိမ်းမှုရှိခြင်း (**moderation)**၊ **Block** လုပ်နိုင်ခြင်း၊ ကိုယ်ရေးကိုယ်တာ အချက်အလက် ထိန်းချုပ်မှုပုံစံ (**privacy setting)**၊ ကျွမ်းကျင်ပညာရှင်မှ ရေးသားဖန်တီးထားသော အကြောင်းအရာ (**professional content)**

ANSWERS: 1.A 2.C 3.C 4.D 5.B 6.A 7.C 8.B 9.D 10.B



# ဒစ်ဂျစ်တယ်ကမ္ဘာကိုနားလည်ခြင်း - အဆင့် ၂

က။ ဒီ ဝက်ဘ်ဆိုက်က ဘေးကင်းလုံခြုံမှုမရှိဘူးလို့ ပြတယ်။

ခ။ အဲဒီအရာတွေက ဒီဝက်ဆိုက်က ဘေးကင်းလုံခြုံတယ်လို့ ညွှန်ပြတယ်။

ဂ။ အဲဒီအရာတွေက ဒီဝက်ဘ်ဆိုက်က သတင်းဝက်ဘ်ဆိုက် ဖြစ်နိုင်တယ်လို့ ညွှန်ပြတယ်။

ဃ။ အဲဒီအရာတွေက ဒီဝက်ဘ်ဆိုက်ကို ဝင်ရောက်ကြည့်ရှုသူ တစ်ရက်လျှင် တစ်သိန်းရှိတယ်လို့ ညွှန်ပြတယ်။

**9.** ‘သင့်ဘဝအကြောင်းကို တစ်လောကလုံးကြည့်နိုင်ဖို့ အွန်လိုင်းပေါ် အချိန်နဲ့တစ်ပြေးညီ ထုတ်လွှင့်ပြသတယ်’ ဆိုတာ ဘာကိုပြောတာလဲ။

က။ အွန်လိုင်းပေါ်မှာ သင်က အခြားတစ်ယောက်အဖြစ် ယောင်ဆောင်ခြင်း။

ခ။ သူငယ်ချင်း ၃ ယောက် နဲ့ ဗီဒီယို chat ခင်း။

ဂ။ တန်းတူ အချင်းချင်း ပံ့ပိုးကူညီခြင်း။

ဃ။ **Live**လွှင့်ပြသခြင်း။

**10.** သင့်အချစ်ဆုံးသူငယ်ချင်းနဲ့ အွန်လိုင်းဂိမ်းကစားနေတယ်လို့ စိတ်ကူးကြည့်ပါ။ ‘နောက်ဆုံးပေါ် စမတ်ဖုန်း ဆုရရန် ဒီနေရာကို နှိပ်ပါ’ ဆိုတဲ့ **pop-up** မက်ဆေ့ချ် တက်လာတယ်။ အကောင်းဆုံး လုပ်ဆောင်ချက်က ဘာဖြစ်မလဲ။

က။ သင့်သူငယ်ချင်းကို Pop-up နှိပ်ခိုင်းလိုက်မယ်။

ခ။ မက်ဆေ့ချ်ကို လစ်လျူရှုပြီး window ကိုပိတ်လိုက်မယ်။

ဂ။ ဆုရမရ သိနိုင်ဖို မက်ဆေ့ချ်ကို နှိပ်လိုက်မယ်။

ဃ။ မက်ဆေ့ချ်ကိုဒီအတိုင်းထားလိုက်ပြီး ဂိမ်းဆော့ပြီးမှပဲ နှိပ်ကြည့်မယ်။

ANSWERS: 1.A 2.C 3.C 4.D 5.B 6.A 7.C 8.B 9.D 10.B

# ဒစ်ဂျစ်တယ်ကမ္ဘာကိုနားလည်ခြင်း - အဆင့် ၃

အမှန်ရွေးရတဲ့ ဥာဏ်စမ်းပဟေဠိကို ဖြေကြည့်ပြီး သင်ဘယ်လောက်သိထားသလဲ ဆိုတာကြည့်ရအောင်။

**1.** လူမှုမီဒီယာပေါ် တခြားလူရဲ့ဓါတ်ပုံကိုမတင်ခင် ဘာလို့ မေးကြည့်ဖို့လိုတာလဲ။

က။ သင့်မှာ follower တွေ လုံလုံလောက်လောက် မရှိလို့ ပုံတင်ရတာ တန်ချင်မှတန်မှာပါ။

ခ။ သင်က ဓါတ်ပုံထဲမှာမပါတော့ သင့်သူငယ်ချင်းတွေ ဇဝေဇဝါဖြစ်သွားနိုင်လို့ပါ။

ဂ။ ဓါတ်ပုံထဲပါတဲ့လူက သူ့ပုံကို Public နဲ့ မတင်စေချင်တာဖြစ်နိုင်လို့ပါ။

ဃ။ ဓါတ်ပုံကို edit မလုပ်ပဲ ဘယ်တော့မှမတင်သင့်ပါ။

**2.** အောက်ပါထဲမှ ဘယ်အဆိုက အင်တာနက်ပေါ်က သတင်းအတု အဖြစ်နိုင်ဆုံးလဲ ဆိုတာရွေးပါ။

က။ မြင်းလောက်ရှိတဲ့ ပုရွက်ဆိတ်ကြီး မြို့ပြင်လယ်ကွင်းထဲမှာ တွေ့ရှိရခြင်း။

ခ။ အစိုးရရုံးပိတ်ရက်ကြောင့် မြို့ထဲမှာကားလမ်းပိတ်ဆို့မှုဖြစ်။

ဂ။ မြို့တိရိစ္ဆာန်ရုံသို့ ကျားသားပေါက်အသစ်ရောက်ရှိ

ဃ။ ငလျင်ဒဏ်ကြောင့် အဆောက်အအုံများပျက်စီး။

**3.** အောက်ပါတို့ထဲမှ ဘယ်အဆိုက တန်းတူအချင်းချင်းကူညီခြင်းရဲ့ဥပမာလဲ။

က။ အိမ်နဲ့ ပြဿနာဖြစ်နေတဲ့ကျောင်းသားကို ဆရာကကူညီတယ်။

ခ။ နေမကောင်းဖြစ်နေတဲ့ လူငယ်လေးကိုဆရာဝန်က ကူညီပေးတယ်။

ဂ။ လူငယ်လေးက စိတ်ကျန်းမာရေးဆရာဝန်နဲ့ သိမြင်ခြင်းနဲ့ပတ်သက်ပြီး ကုသမှုခံနေတယ်။

ဃ။ လူငယ်လေးက သူနဲ့ဝေဒနာတူသူတွေကို ကူညီဖို့ ဗီဒီယို Blog တစ်ခု ပြုလုပ်တယ်။

**4. Facebook** ပေါ်မှာ အောက်ဖော်ပြပါထဲက ဘယ်အရာအတွက် **algorithm** အသုံးမပြုထားတာလဲ။

က။ သင့်ရဲ့newsfeed မှာ ဘယ်အကြောင်းအရာတွေပြစေချင်လဲဆိုတာ ဆုံးဖြတ်ဖို့

ခ။ သင်နဲ့ အပြန်အလှန်ဆက်သွယ်မှု ကို အခြေခံပြီး တချို့သူငယ်ချင်းတွေရဲ့ ပို့စ်တွေကို ရွေးချယ်ပြသနိုင်ဖို့

ဂ။ သင်တင်လိုက်တဲ့ ပို့စ်တိုင်း like အများကြီးရမယ်လို့ အာမခံဖို့

ဃ။ ဘယ်ပို့စ်တွေက ယုံကြည်စိတ်ချလို့မရတဲ့၊ spam ပါတဲ့ လင့်ခ်တွေဖြစ်နိုင်လဲ ဆိုတာ ဖော်ထုတ်နိုင်ဖို့

**5. Catfishing** ဆိုတာဘာလဲ။

က။ အွန်လိုင်းပေါ် တခြားတစ်ယောက်အဖြစ်ဟန်ဆောင်တာ

ခ။ တခြားသူတွေရဲ့ follower တွေကို ခိုးယူတာ

ဂ။ အွန်လိုင်းပေါ်ကလူတွေကို ရိုင်းစိုင်းတဲ့ မက်ဆေ့ချ်ပို့တာ

ဃ။ အွန်လိုင်းပေါ်က ပို့စ်တိုင်းကို like လုပ်တာ



# ဒစ်ဂျစ်တယ်ကမ္ဘာကိုနားလည်ခြင်း - အဆင့် ၃

**6.** လျှို့ဝှက်စကားလုံးနဲ့ အကောင့်ထဲဝင်လိုက်တယ်။ လုံခြုံရေးအဆင့် တစ်ခု ထပ်ပေါင်းထည့်တဲ့ အနေနဲ့ သင့်ဖုန်းထဲကို နံပါတ်တစ်ခုပို့ပေးတယ် ဆိုတာ ဘာကိုပြောတာလဲ။

က။ စိစစ်ထိန်းသိမ်းမှုရှိခြင်း

ခ။ အဆင့် ၂ ဆင့် စစ်ဆေးမှုပုံစံ

ဂ။ လျှို့ဝှက်စကားလုံး မျှဝေခြင်း

ဃ။ အွန်လိုင်းပေါ် မည်သူမည်ဝါ မသိနိုင်ခြင်း

**7.** လျှို့ဝှက်သ**ကေ**တနဲ့ မက်ဆေ့ချ် ပို့တယ်ဆိုတာ ဘာအဓိပ္ပါယ်လဲ။

က။ ဒီမက်ဆေ့ချ် က လျှို့ဝှက်သ**ကေ**တနဲ့ ဖြစ်နေတယ်။ ဒါကြောင့် ဒီမက်ဆေ့ချ်ကို ပို့တဲ့လူနဲ့လက်ခံသူ နှစ်ဦးသာ ဖတ်နိုင်တယ်။

ခ။ ဒီမက်ဆေ့ချ်က လူမှုမီဒီယာပေါ် **public** နဲ့တင်ထားပြီး လူတိုင်းဖတ်နိုင်တယ်။

ဂ။ ဒီမက်ဆေ့ချ် မှာ တရားမဝင်တဲ့ အကြောင်းအရာအမြဲပါတယ်။

ဃ။ ဒီမက်ဆေ့ချ်ကို မတော်တဆလူမှားပြီး ပို့လိုက်တယ်။

**8.** ဒါက ဘာကို ရည်ညွှန်းတာပါလဲ။ 'လူတွေအွန်လိုင်းပေါ်တင်တဲ့ အကြောင်းအရာတွေကို စစ်ဆေးပေးဖို့ ***report*** တွေကို ကိုင်တွယ်ဖြေရှင်းဖို့ နဲ့ ထိခိုက်စေတဲ့ အကြောင်းအရာတွေကို ဖယ်ရှားပေးဖို့ ဝန်ထမ်းတွေကို ဝက်ဘ်ဆိုက်တွေက ခန့်ထားလေ့ရှိတယ်'

က။ မည်သူမည်ဝါမသိနိုင်ခြင်း

ခ။ စိစစ်ထိန်းသိမ်းပေးခြင်း

ဂ။ ကိုယ်ရေးကိုယ်တာအချက်အလက်ထိန်းချုပ်မှု

ဃ။ လူမှုမီဒီယာ follower များ။

**9.** ဘယ်ဖြစ်ရပ်က အွန်လိုင်းပေါ်မှာကိုယ်ချင်းစာမှုပြခြင်းကို ဖော်ပြတဲ့ ဥပမာလဲ။

က။ လူမှုမီဒီယာပေါ် သင့်သူငယ်ချင်းရဲ့ အရှက်ရစရာပုံကို တင်လိုက်ပြီး ရယ်နေတဲ့ **emoji** ကို ပုံအောက်မှာ စာတန်းထိုးလိုက်တယ်။

ခ။ နေမကောင်းတဲ့ ကောင်လေးတစ်ယောက်က သူ့ရောဂါ အကြောင်းအွန်လိုင်းပေါ်ရှာကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။

ANSWERS: 1.C 2.A 3.D 4.C 5.A 6.B 7.A 8.B 9.D 10.B

# ဒစ်ဂျစ်တယ်ကမ္ဘာကိုနားလည်ခြင်း - အဆင့် ၃

ဂ။ ကောင်မလေးက သူ့ဓါတ်ပုံကို သူတို့မိသားစု **group chat** လုပ်တဲ့ထဲ ပို့လိုက်တယ်။

ဃ။ လူတစ်ယောက်က ပရဟိတရံပုံငွေရှာဖို့တွက် ခက်ခက်ခဲခဲ လုပ်ဆောင်ခဲ့တဲ့အကြောင်း ဗီဒီယိုမှာ ကောင်လေးတစ်ယောက်က " တော်လိုက်တာ၊ အစ်ကို ဘယ်လိုခံစားနေရလဲ ဆိုတာ ကျွန်တော်သိပါတယ် ခင်ဗျ" လို့ ကောမန့်ရေးလိုက်တယ်။

**10.** လူမှုမီဒီယာပေါ်မှာ ဘာသာတရားကိုအခြေခံပြီး လူတစ်စုကို တိုက်ခိုက်တဲ့ပို့စ်တစ်ခုရှိတယ်။ လူတစ်ယောက်က **like** လုပ်လိုက်ပြီး ဟာသ အနေနဲ့ သူ့သူငယ်ချင်းတွေကို **share** လိုက်တယ်။ အောက်ဖော်ပြပါထဲက အသင့်တော်ဆုံး တုံ့ပြန်မှုကိုရေးပါ။

က။ ဒါကဟာသပဲ။ ရယ်စရာဆိုရင်တော့ **like** နဲ့ **share** လုပ်တာ ပြဿနာမရှိပါဘူး။

ခ။ ဒါက အမုန်းစကားဖြန့်ဝေခြင်းရဲ့ဥပမာပါ။ လူမှုမီဒီယာပေါ် **share** တာ မမှန်ကန်ပါဘူး။

ဂ။ **Share** လို့ရပါတယ်။ ဒါပေမဲ့ ဒါက ဟာသဆိုတာ သေချာရှင်းလင်းအောင်ပြောရပါမယ်။

ဃ။ ဓါတ်ပုံ နဲ့ တခြား ကိုယ်ရေးအချက်အလက်တွေ မပါရင် **share** လို့ရပါတယ်။

ANSWERS: 1.C 2.A 3.D 4.C 5.A 6.B 7.A 8.B 9.D 10.B